## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစည်းအဝေး အကျဉ်းချုပ်

## ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

## (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

## [ ကြာသပတေးနေ့ ]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း**

၂။ ကတိသစ္စာ မပြုရသေးသော တပ်မတော်သားကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၃။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကယားပြည်နယ်အတွင်း နေထိုင်ကြသည့် ယင်းဘော်၊ ဂေဗို၊ ဂေဘား၊ ယင်းတလဲ၊ ဇယိမ်းလူမျိုးစုများအား အင်အားမလျော့နည်း မပပျောက်သွားအောင် တတ်နိုင်သည့်ဘက်မှ ကူညီပံ့ပိုးပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး က တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း စသည့် ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ အခြားသော ပြည်ထောင်စုဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကလည်း တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စုတွင် မြေယာ လျော်ကြေး တစ်စုံတစ်ရာမပေးဘဲ VANTAGE Co.,ltd. သို့ ပုစွန်ကန်များ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့သည့် မြိတ်မြို့၊ ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုများ**

**နှင့်** စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က မြေသိမ်းဆည်းစဉ် ကာလက ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ခဲ့ပြီး သီးနှံလျော်ကြေးငွေ နှင့် မြေယာအစားထိုးဖော်ထုတ်ရန်အတွက် ငွေပေးချေခဲ့ပြီး မြေယာအစားထိုး ဖော်ထုတ်ပေးမှု အခြေအနေကိုတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆက်လက်စိစစ် သွားရန်ရှိမည်ဖြစ်ကြောင်း၊ ရောင်းချရရှိခဲ့သည့်ငွေကို မျဉ်းသားချက်လက်မှတ် ဖြင့် လှည့်ပတ်ရန်ပုံငွေသို့ ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊ သီးနှံလျော်ကြေးနှင့် မြေအစားထိုးဖော်ထုတ်ရန်ကုန်ကျငွေများကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်း ဖြေကြားသည်။

(ဂ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မွန်ပြည်နယ် ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)တွင် လိုအပ်လျက်ရှိသော သင်တန်းသား အိပ်ဆောင်(၁)ဆောင်နှင့် ထမင်းစားဆောင်(၁)ဆောင်တို့အား လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က သီးခြားဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးကြောင်း ရှင်းလင်း ဖြေကြားသည်။

(ဃ) ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **မြန်မာနိုင်ငံ၌ ယခင်က "ဝါ" အကြီးအကျယ်စိုက်ပျိုးထွက်ရှိခဲ့သောဒေသများတွင် ဝါခင်းများ ပြန်လည် စိုက်ပျိုးထုတ်လုပ်စေပြီး အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ အစဉ်တစိုက် အသုံးပြု ဆောင်ရွက်နိုင်ရန် အမျိုးသားရေးမူဝါဒအဖြစ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန် ဖန်တီးနိုင်မှုစွမ်းအား မြင့်လာသည်နှင့်အမျှ မျှော်မှန်းထားသည့် အချိန်ကာလ တစ်ခုတွင် မြန်မာ့ဝါသီးနှံကဏ္ဍ (Cotton Industry) ဖွံ့ဖြိုးတိုးတက်လာရေး အမျိုးသားရေးမူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ချင်းပြည်နယ်၊ ဟားခါးမြို့ ရေရရှိရေး သီမစ်ချောင်းမှ ရေသွယ်ရေးစီမံကိန်း၏ နောက်ဆုံးအခြေအနေ၊ ဟားခါးမြို့ မြို့မဈေး တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ၂၀၁၅ ခုနှစ်**

**ဟားခါးမြို့ မြေပြိုမှုကြောင့် သဘာဝအလှများနှင့် သစ်တောများ ပျက်စီးသွားသော RUNG တောင် ပြန်လည်ထိန်းသိမ်းသည့်အစီအစဉ်တို့အား သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကန်အတွင်း ပြန်လည်တူးဖော်ခြင်းနှင့် တာပေါင်ဖို့ခြင်း၊ တာပေါင်ရိုးကျောက်စီခြင်း၊ ကျောက်စီမြေထိန်းနံရံပြုလုပ်ခြင်းနှင့် ရေတံခါး အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နုံးဆယ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ နှစ်စဉ် ဇွန်လနှင့် ဇူလိုင်လများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ပန်းခြံ တည်ဆောက်ခြင်းတို့ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စစ်မှုထမ်းဟောင်းအဖွဲ့မှ ပန်းဥယျာဉ်ပြုလုပ်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မေတ္တာအဏ္ဏဝါကုမ္ပဏီမှ ရေကန်ပန်းခြံတည်ဆောက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို အသီးသီးဆောင်ရွက်ခဲ့ကြကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့တွင် မြို့နယ်ခန်းမ (Community Center) တစ်ခု ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း**

၄။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် (ဥပဒေကြမ်းကော်မတီဝင်)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်း ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

**ဥပဒေကြမ်းတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း**

၅။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) (ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ)က ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ

လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံပြီး ဥက္ကဋ္ဌ က လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

၆။ အစည်းအဝေးကို ၁၁:၅၅ နာရီ အချိန်တွင် ရပ်နားပြီး တတိယနေ့ အစည်းအဝေးကို ၃-၂-၂၀၂၀ ရက်နေ့ (တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**